(ပထမ အကြိမ် ထုတ် ရဲ့ ဥပဒေ ပျာဇနော)

# ပတ်စတာနတ်ခ် ၏ ရှီဗာဂိုး ကဗျာများ

(၁)

တကယ်တော့ ရုရှား ကဗျာစာဆို၊ စာရေးဆရာကြီး ဘိုးရစ္စ ပတ်စတာနတ်ခ် ၏ ဘ၀သည်ပင်လျှင် ကဗျာရှည်ကြီး တစ်ပုဒ်၊ ကြီးကျယ် ခမ်းနား သလောက် ကြေကွဲဖွယ်၊ နာကျည်းဖွယ်၊ အံ့အား သင့်ဖွယ် ကောင်းလှသည့် ၀တ္ထုရှည်ကြီး တစ်ပုဒ် ဖြစ်နေသည်။

သူ ဘ၀ နှင့် သူ့ ပတ်၀န်းကျင် လူ့ အဖွဲ့အစည်း က သူ့ အပေါ် မညှာမတာ ရက်စက်စွာ ရိုက်ပုတ် စော်ကား နှိမ့်ချခဲ့ကြ သော်လည်း သူ သည် အနုပညာ၊ ချစ်ခြင်း မေတ္တာ၊ အလှတရား၊ သစ္စာ နှင့် ဘာသာရေး ယုံကြည်မှုတို့ကို စွဲကိုင် ပြီးတော့ ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင် ရပ်တည် နိုင်ခဲ့သည်။

ဆို ရလျှင် ကမ္ဘာ့ သမိုင်း တစ်လျှောက်လုံးမှာ ခံခဲ့ ရပါသည် ဆိုသော ဘယ် အထင်ကရ ကဗျာဆရာ ထက် မဆို သူ့ အဖြစ်က ပို ဆိုးရွားခဲ့သည်။

(၂)

ဘိုးရစ္စ လီယွန်နစ်ဒိုဗစ်ချ် ပတ်စတာနတ်ခ် ကို ၁၈၉၀ ပြည့်နှစ် ဖေဖော်၀ါရီလ ၁၀ ရက်နေ့တွင် ရုရှား နိုင်ငံ၊ မော်စကိုမြို့၌ မွေးဖွား ခဲ့သည်။ ရုရှား-ရဟူဒီ အနွယ်၊ ကြေးရေတတ် လူလတ်တန်းစား ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားသော မိသားစု ဖြစ်သည်။ ဖခင် ဖြစ်သူ လီယွန်နစ် ပတ်စတာနတ်ခ် က ပန်းချီ အကျော်အမော်၊ မော်စကို ပန်းချီ ပန်းပု အနုပညာကျောင်းက ပါမောက္ခ၊ မိခင် ဖြစ်သူ ရှိဆာ

(ပထမ အကြိမ် ထုတ် ရဲ့ ဥပဒေ ပျာဇနော)

ပတ်စတာနတ်ခ် ၏ ရှီဗာဂိုး ကဗျာများ

(၁)

တကယ်တော့ ရုရှား ကဗျာစာဆို၊ စာရေးဆရာကြီး ဘိုးရစ္စ ပတ်စတာနတ်ခ် ၏ ဘ၀သည်ပင်လျှင် ကဗျာရှည်ကြီး တစ်ပုဒ်၊ ကြီးကျယ် ခမ်းနား သလောက် ကြေကွဲဖွယ်၊ နာကျည်းဖွယ်၊ အံ့အား သင့်ဖွယ် ကောင်းလှသည့် ၀တ္ထုရှည်ကြီး တစ်ပုဒ် ဖြစ်နေသည်။

သူ ဘ၀ နှင့် သူ့ ပတ်၀န်းကျင် လူ့ အဖွဲ့အစည်း က သူ့ အပေါ် မညှာမတာ ရက်စက်စွာ ရိုက်ပုတ် စော်ကား နှိမ့်ချခဲ့ကြ သော်လည်း သူ သည် အနုပညာ၊ ချစ်ခြင်း မေတ္တာ၊ အလှတရား၊ သစ္စာ နှင့် ဘာသာရေး ယုံကြည်မှုတို့ကို စွဲကိုင် ပြီးတော့ ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင် ရပ်တည် နိုင်ခဲ့သည်။

ဆို ရလျှင် ကမ္ဘာ့ သမိုင်း တစ်လျှောက်လုံးမှာ ခံခဲ့ ရပါသည် ဆိုသော ဘယ် အထင်ကရ ကဗျာဆရာ ထက် မဆို သူ့ အဖြစ်က ပို ဆိုးရွားခဲ့သည်။

(၂)

ဘိုးရစ္စ လီယွန်နစ်ဒိုဗစ်ချ် ပတ်စတာနတ်ခ် ကို ၁၈၉၀ ပြည့်နှစ် ဖေဖော်၀ါရီလ ၁၀ ရက်နေ့တွင် ရုရှား နိုင်ငံ၊ မော်စကိုမြို့၌ မွေးဖွား ခဲ့သည်။ ရုရှား-ရဟူဒီ အနွယ်၊ ကြေးရေတတ် လူလတ်တန်းစား ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားသော မိသားစု ဖြစ်သည်။ ဖခင် ဖြစ်သူ လီယွန်နစ် ပတ်စတာနတ်ခ် က ပန်းချီ အကျော်အမော်၊ မော်စကို ပန်းချီ ပန်းပု အနုပညာကျောင်းက ပါမောက္ခ၊ မိခင် ဖြစ်သူ ရှိဆာ

ကော့ဖ်မန် က စီးပွားရေး လုပ်ငန်းရှင် သူဌေးကြီး ၏ သမီး၊ စန္ဒယား ဆရာမ။

ဘိုးရစ္စ ပတ်စတာနတ်ခ် ၏ ကနဦး ပထမဆုံးသော ဘ၀ ရည်မှန်းချက် က ဂီတစာဆို တစ်ဦး ဖြစ် လာဖို့ ရည်ရွယ် ထားခဲ့သည်။ အပတ်တကုတ်လည်း အားထုတ်ခဲ့သေးသည်။ နောက်ပိုင်း ကျမှ ကဗျာ နှင့် စာပေ ဘက်သို့ ပြန် လှည့် လာခဲ့ခြင်း ဖြစ်သည်။

ဂီတ နှင့် ဒဿနိကဗေဒ ကို သင်ယူခဲ့ဖူးသော အရိပ်အငွေ့များ က ၁၉၁၄ ခုနှစ် (အသက် ၂၄ နှစ်) တွင် ထွက်ပေါ် လာသော သူ ၏ ပထမဆုံး ကဗျာ စာအုပ် ထဲတွင် ထင်ဟပ် နေသည်။ ၁၉၁၇ ခုနှစ် ရုရှား နိုင်ငံတွင် ပတ်စတာနတ်ခ် ကို အရည်အသွေး ၀င်းလက်သော ကဗျာဆရာ တစ်ဦး အဖြစ် အားလုံး က အသိအမှတ် ပြုကြခြင်းကို ခံယူနေရပေပြီ။

(၃)

ပထမ ကမ္ဘာစစ် ကာလ (၁၉၁၄-၁၉၁၈) အတွင်း ယူရာလ် ဒေသ ရှိ စက်ရုံ တစ်ရုံ ၌ အလုပ် ၀င် လုပ်သည်။ စစ်ကြီး ပြီးတော့ ပညာရေး ၀န်ကြီး ဌာန လက်အောက်တွင် စာကြည့်တိုက်မှူး ဖြစ် လာသည်။

အနုပညာ သက်သက်ကိုသာ ရေးဖွဲ့တတ်သော သူ့ ကို ရုပ်ကြမ်း ၀ါဒီတို့က အကြီးအကျယ် ၀ေဖန် ပြစ်တင် ရှုတ်ချခဲ့ကြသည်။ သို့ဖြင့် စာ အသစ် ရေးခွင့် မရ။ ရှိတ်စပီးယား၊ ကိ(တ်)စ်၊ ရှယ်လီ၊ ဗာလိန်း၊ ဂိုထေ၊ ရှီလား တို့ ၏ စာများကိုသာ ဘာသာ ပြန်နေခဲ့ ရသည်။

၁၉၅၃ ခုနှစ် စတာလင် ကွယ်လွန်သည့် နောက်ပိုင်းတွင် သူ့ လက်ရာ စာ အချို့ကို ပုံနှိပ် ဖော်ပြ ထုတ်ဝေခဲ့ကြသေးသည်။

'သမိုင်းမှာ ဖြစ်ပျက်တာတွေကို နိုင်ငံရေး သမား အမြင် နဲ့ မဟုတ်ဘဲ အနုပညာ သမား တစ်ယောက် အဖြစ် သန့်သန့်ကလေး ထိုင် ကြည့် နေချင်တယ်' ဟု သူ ပြောခဲ့ဖူးသည်။

(၄)

ဒေါက်တာ ရှီဗာဂိုး ၀တ္ထုရှည်ကြီးကို ထို အချိန်က ရုရှား နိုင်ငံ တွင် ပုံနှိပ် ထုတ်ဝေ မရနိုင် သဖြင့် ၁၉၅၇ ခုနှစ်တွင် အီတလီ ဘာသာ ပြန်ဆို ပြီးတော့ ထုတ်ဝေခဲ့ကြသည်။

ရုရှား လူမျိုး၊ ကဗျာဆရာ၊ ဒဿနိက ပညာရှင်၊ အမှန်တရား ရှာဖွေသူ၊ ဆရာ၀န် တစ်ဦး ၏ ဘ၀ ခရီးရှည် ကို ဖော်ကျူးသည်။ ဇာတ်ဆောင် ရှီဗာဂိုး ဆယ်ကျော်သက် အရွယ် သူငယ် ဘ၀ ၁၉၀၃ ခုနှစ်မှ စ ဖွင့် ထားပြီး စတာလင် လက်ထက် ၁၉၂၉ ခုနှစ် မော်စကို မြို့တော် တွင် ကွယ်လွန်ပုံ အဖြစ် အဆုံးသတ် ထားသည်။ ၁၉၅၈ ခုနှစ်တွင် ကမ္ဘာ့ စာပေဆု ကို ပတ်စတာနတ်ခ် ရရှိသည်။

(၅)

ယခု မြန်မာ ပြန်ဆိုလိုက်သော ကဗျာ နှစ်ဆယ့် ငါးပုဒ် မှာ ဒေါက်တာ ရှီဗာဂိုး ၀တ္ထုရှည်ကြီး ထဲက ဖြစ်သည်။ ကဗျာဆရာ ဒေါက်တာ ရှီဗာဂိုး ကွယ်လွန် ပြီးနောက် ကျန်ရစ်ခဲ့သော ကဗျာများကို ဒုတိယ ကမ္ဘာစစ်ကြီး အပြီး ထုတ်ဝေခဲ့သည့် အလား ပတ်စတာနတ်ခ် က ရေးဖွဲ့ ထားခဲ့သော ကဗျာများ ဖြစ်သည်။ ဒေါက်တာ ရှီဗာဂိုး ၀တ္ထုရှည် စာအုပ် ၏ နောက်ဆုံး အပိုင်း၌ အခန်း တစ်ခန်း အဖြစ် သီးသန့် ဖော်ပြ ပေးခဲ့သည်။

(၆)

ပတ်စတာနတ်ခ် ၏ ကဗျာဆရာ ဘ၀ အကြွယ်၀ဆုံး ကာလမှာ ၁၉၁၇ ခုနှစ် နှင့် ၁၉၂၂ ခုနှစ် အကြားတွင် တည်ရှိသည်။ ထို ကာလ အတွင်း ရှိ ကဗျာ လှုပ်ရှားမှု အမျိုးမျိုး နှင့် နီးစပ် ထိတွေ့ခဲ့ရ သော်လည်း တစ်ခုနှင့်မျှ သူ့ကို တကယ် ဆက်စပ် ကြည့် မရ။

ပတ်စတာနတ်ခ် ၏ အစောပိုင်း ကဗျာများ အနက် အကောင်းဆုံး တွေကို သူ ၏ ကဗျာ လက်ရွေးစင် စာအုပ် နှစ်အုပ် ဖြစ်သော 'ငါ့ နှမ ရဲ့ ဘ၀' နှင့် 'ဦးတည်ချက်များ နှင့် မူကွဲများ' စာအုပ်တွေ ထဲမှာ တွေ့ရမည်။ သင်္ကေတ ၀ါဒ၊ နိမိတ်ပုံ ၀ါဒ နှင့် အနာဂတ် ၀ါဒ ကဗျာ နည်းနာများ နှင့် သဘာ၀ချင်း တူနေသည်။

သင်္ကေတ ၀ါဒီ ကဗျာဆရာများ အနက် သူ အမြတ်နိုးဆုံး ဖြစ်သော အလက်ဇန္ဒာ ဘလော့ခ် ထံမှ ဂီတ ကဲ့သို့ သာယာသော အသံကို တတ်မြောက်ခဲ့ဟန် တူသည်။ အသံ သာခြင်းကလည်း အမြဲ လိုပင် ပတ်စတာနတ်ခ် ၏ ကဗျာများတွင် ထင်ရှားလျက် ရှိသည်။ ဘာသာပြန် မှာဖြင့် အဆိုပါ အသံ သာခြင်း အပါအ၀င် လှပမှု များစွာ တို့ကို သယ်ယူ လာ မပေး နိုင်ဘဲ ပျောက်ဆုံးမည် ဖြစ်သည်။

သူ ၏ ကိုယ်ရေး အတ္ထုပ္ပတ္တိ အက်ဆေး တစ်ပုဒ်မှာတော့ သူ့ အပေါ် အားကောင်းလွန်းစွာ ဆွဲဆောင်ခဲ့သော မာယာကော့စကီး ၏ ကဗျာဟန် ဩဇာ လွှမ်းမိုးမှုကို အောင်မြင်စွာ သူ ဘယ်လို ကြိုးစား ဖယ်ရှား နိုင်ခဲ့ကြောင်း ရေးသား ထားတာ တွေ့ရသည်။

(၇)

ပတ်စတာနတ်ခ် ကို လက်ကိုင် မှန်ဘီလူး တစ်လက် ဖြင့် အခန်း တွင်းမှာ လှည့်ပတ် ကြည့်ရှု အသစ် ရှာဖွေ နေသူ အဖြစ် ပြောဖို့ သင့်သည်။ သည့်ထက် ပို၍ ၀ိသေသ ထူးကဲတာက အခန်း ပြင်ပမှ သူ ၏ တွေ့ရှိချက်များ ဖြစ်သည်။ သဘာ၀ လောကကြီးသည် သူ ၏ အစောပိုင်း ကဗျာများ အတွက် အခြေခံ အုတ်မြစ် သဖွယ် ဖြစ်နေသည်။

ချစ်ခြင်း မေတ္တာ နှင့် အနုပညာတို့မှာ ဖန်ဆင်း နိုင်စွမ်းအား ရှိသလိုပင် သဘာ၀ ပတ်၀န်းကျင် လောကကြီး ၏ စွမ်းပကား ကို သူ တွေ့မြင်ခဲ့သည်။ ရုရှား ကျေးလက် တောနယ် ဒေသ ကို သူ ရေးဖွဲ့ပုံမှာ စိတ် လှုပ်ရှားစရာ ကောင်းလောက်အောင် ထင်ရှား ပြတ်သား လွန်း နေသည်။

စတက် မြက်ခင်း ၏ သန်းခေါင်ယံ၊ သစ်တော ထဲမှ နွေနေ ပူပြင်း နေ့၊ ဆောင်းဦးပေါက် ၏ ကြေကွဲဖွယ် ဆွေးမြေ့မှု၊ နှင်းကျခြင်း၊ နွေဦး ၏ ရုတ်တရက် မိန်းမူးဖွယ်တွေကို သူ ရေးဖွဲ့တတ်သည်။

(၈)

ပတ်စတာနတ်ခ် ၏ သဘာ၀ ပတ်၀န်းကျင် သည် လူ့ အစ္စုတ္တ နှင့် အလွန်ပင် ရင်းနှီးစွာ ရစ်ပတ် တုပ်နှောင်လျက် ရှိလေရာ သူ ၏ ကဗျာတွေ ထဲက သဘာ၀ ပတ်၀န်းကျင် သည် လူသား ကဲ့သို့ပင် အစဉ် ပြောင်းလဲ နေသည်။ မပြတ် ရွေ့လျား နေသည်။

သဘာ၀ ပတ်၀န်းကျင် ထဲမှာ သူ အနှစ်သက်ဆုံး လှုပ်ရှားမှုများ ကတော့ မိုးဖွဲ ရွာခြင်း၊ မိုးကြိုး မုန်တိုင်း၊ နှင်း လေပြင်း နှင့် နွေဦး နှင်းခဲ အရည် ပျော်ကျခြင်း တို့ပင် ဖြစ်သည်။

အစ အဦးပိုင်းတွင် အနာဂတ် ၀ါဒ နှင့် ပတ်သက်ခဲ့ဖူးသည့်တိုင် ပတ်စတာနတ်ခ် ၏ ကဗျာများသည် ရိုးရာ အစဉ်အလာ ထဲမှာ တင်းကြပ်စွာ တည်မြဲ နေခဲ့သည်။ မော်ဒန် ၀ါဒ နှင့် ပို၍ ပို၍ ဝေးကွာရာမှာ သူ နေခဲ့သည်။ ပုရှကင်၊ လာမွန်တော့ဗ်၊ ဘလော့ခ် တို့ ၏ နည်းနာများကို သူ စမ်းသပ် ကြည့်ခဲ့သည်။

ဒေါက်တာ ရှီဗာဂိုး ၀တ္ထုကြီး ၏ နောက်ဆုံးပိုင်းတွင် ပါရှိခဲ့သော ကဗျာ နှစ်ဆယ့် ငါးပုဒ် တို့ကဖြင့် ပတ်စတာနတ်ခ် ကဗျာ ဟန်သစ် ၏ အောင်ပွဲ ခံထားခြင်း ဟုပင် ဆိုနိုင်လောက်တော့သည်။

(၉)

ဤ ကဗျာ အများစုတို့မှာ ချစ်ခြင်း မေတ္တာ၊ သဘာ၀တရား နှင့် သူ ယုံကြည်သည့် ဓမ္မ သဘော ကို ဆောင်ပြီး ဝေဒနာ ခံစား ရခြင်း၊ ယုံကြည်မှု ရှိခြင်း နှင့် ရှင်ပြန် ထမြောက်ခြင်း အားဖြင့် သေခြင်းတရား ကိုပင် ကျော်လွှား နိုင်ပုံ တို့ကို စာဖွဲ့ ထားသည်။

ကဗျာဆရာ တစ်ယောက် လူ့ လောက ထဲသို့ တာ၀န် တစ်ရပ် ဖြင့် စေလွှတ်ခြင်း ခံရ သလိုမျိုး ပတ်စတာနတ်ခ် ဖော်ကျူးတတ်သည်။ ကဗျာဆရာ သည် အထီးကျန် အဖော်မဲ့စွာဖြင့် စတေး ပေးဆပ်ရာ လမ်းကြောင်း ပေါ်မှာ ရပ်တည် နေရပုံ ပေါ်လွင် ထင်ရှား လာခဲ့သည်။

(၁၀)

၁၉၆၀ ပြည့်နှစ် မေလ ၃၀ ရက် (အသက် ၇၀ အရွယ်) တွင် ကင်ဆာ ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ အဲသည့်ထက် စောစီးစွာ ၁၉၅၃ ခုနှစ် နောက်ပိုင်း အချိန်လောက် ကတည်းက သူ့ ဩဇာသည် မျိုးဆက်သစ် ကဗျာဆရာများ အပေါ် စတင် လွှမ်းမိုး နေခဲ့ပြီ။

ဆိုဗီယက် ခေတ်နှောင်း ကာလ မီခေးလ် ဂေါ်ဘာချက် လက်ထက်မှာတော့ ဒေါက်တာ ရှီဗာဂိုး စာအုပ် ကို ရုရှားမှာ ထုတ်ဝေခဲ့ ကြ သလို မော်စကို စာရေးဆရာ ရပ်ကွက် ရှိ ပတ်စတာနတ်ခ် နေအိမ် ကို ပြတိုက် အဖြစ် ဂုဏ်ပြု ဖွင့်လှစ်နိုင်ခဲ့သည်။

ကဗျာဆရာ ယက်ဖ်တူရှင်ကို က 'ပတ်စတာနတ်ခ် ပြတိုက် ဖြစ် လာတယ် ဆိုတာ အခု ကျွန်တော်တို့ ဖြစ်နေတဲ့ အခြေအနေ ကို ထင်ဟပ်တာပါပဲ။ အလင်းဘက်က အနိုင် ရရှိဖို့ အခွင့်အရေး ကျွန်တော် တို့မှာ ရှိနေပြီ' ဟု ဆိုခဲ့သည်။

ရေးရိုးစွဲ အချို့က အဆိုပါ စာရေးဆရာ ရပ်ကွက်မှာ နေထိုင်ခဲ့ ကြသော အခြား စာရေးဆရာ၊ ကဗျာဆရာများကိုလည်း ပြတိုက်တွင် ဂုဏ်ပြု သင့်ကြောင်း စောဒက တက်ခဲ့ကြသည်။ ကဗျာဆရာ အင်ဒရေ ဖော့ဇနေဇင်စကီ ကတော့ 'ဒါက ပတ်စတာနတ်ခ် အတွက်ပဲ ဖြစ် ရမှာပါ။ ပါရမီရှင် အစစ်က သူ တစ်ယောက်တည်း ရှိတာပဲလေ' ဟု သူ့ အမြင်ကို ပြောပြခဲ့သည်။